


www.kidsofdestiny.org
Kids of Destiny®

## ကာဣနနဲ့အာဗေလ၊ ပထမဆုံးညီအစ်ကို

## ကမ္ဘာဦးကျမ်း ၄

ကောင်းကင်နှင့်မြေကြီးကို ဖန်ဆင်းခဲ့ချိန်က လူသားကိုလည်း ဘုရားသခင်ဖန်ဆင်းခဲ့သည်။ ပထမဆုံး လူယောကျ်ားနှင့်မိန်းမတွင် လူယောကျ်ားအာဒံနှင့် လူမိန်းမဧဝတို့ဖြစ်ကြသည်။ သူတို့နှစ်ဦးကို ပထမဆုံးသော ခင်ပွန်းသည်နှင့်ဇနီးသည်အဖြစ် ဘုရားသခင် ဖြစ်စေခဲ့သည်။ ပထမဆုံးသောဖခင်နှင့်မိခင် အဖြစ်လည်း ဘုရားသခင်ဖန်ဆင်းခဲ့သည်။

တစ်ရက်တော့ ဧဝဟာ ဘုရားသခင်ရဲ့ရန်သူဖြစ်တဲ့စာတန်ရဲ့စကားကို နားထောင်ခြင်းအားဖြင့် သူမဟာ မနာခံသူဖြစ် လာတယ်။ အာဒံကိုဘုရားသခင်တားမြစ်ထားတဲ့ ကောင်းမကောင်းသိကျွမ်းရာအပင်ရဲ့အသီးကို သူမစားလိုက်တယ်။ အာဒံလည်း အပင်ပေါ်ကနေ ယူစားခဲ့တယ်။ သူတို့ရဲ့မနာခံခြင်းကြောင့် သူတို့ဆီအပြစ်ရောက်ပြီး၊ ဘုရားသခင်သူတို့အတွက်ဖန်ဆင်းပေးထားတဲ့ လှပတဲ့ဥယျာဉ် ကနေ ထွက်သွားခဲ့ရတယ်။ အခုတော့ သူတို့အသက်ရှင်နေထိုင်ဖို့ ခက်ခဲပင်ပန်းစွာလုပ်ကိုင် ရတော့တယ်။

မကြာခင်မှာပဲ အာဒံနဲ့ဧဝဟာ သားသမီးရလာတယ်။ သားနှစ်ယောက် မွေးဖွားလာတယ်။ သူတို့နာမည်က ကာဣနနဲ့အာဗေလ ဖြစ်တယ်။ အာဗေလဟာ တိရစ္ဆာန်တွေကို ထိန်းကျောင်းတဲ့အလုပ်လုပ်တယ်။ ကာဣနကတော့ လယ်လုပ်တယ်။ ကာဣနဟာ အပင်တွေနဲ့ဟင်းသီးဟင်းရွက်တွေ စိုက်ပျိုးတယ်။

ဘုရားသခင်ဆီကိုယဇ်ပူဇော်စရာယူလာကြဖို့ ကာဣနနဲ့အာဗေလတို့ သွန်သင်ခံရတယ်။ တစ်နေ့မှာ ကာဣနဟာ သူ့သီးနှံတွေနဲ့ ပူဇော်ဖို့ ဘုရားသခင်ရှေ့ယူလာတယ်။ အာဗေလဟာ သူ့တိရစ္ဆာန်စုထဲက အကောင်းဆုံးတိရစ္ဆာန်နဲ့ပူဇော်ဖို့ ဘုရားသခင်ရှေ့မှောက် ယူလာတယ်။ ဘုရားသခင်ဟာ အာဗေလနဲ့သူ့ပူဇော်မှုကို နှစ်သက်ပေမယ့် ကာဣနနဲ့သူ့ပူဇော်မှုကို မနှစ်သက်ခဲ့ဘူး။ ဘုရားသခင်ဟာ သူတို့ညီအစ်ကိုနှစ်ယောက်စလုံးရဲ့နှလုံးသားကို မြင်နိုင်တဲ့သူဖြစ်တယ်။

ကာဣနဟာ ဘုရားသခင်ကို စိတ်ဆိုးတယ်။ သူ့ယဇ်ပူဇော်ခြင်းဟာလည်း သူ့ညီရဲ့ပူဇော်ခြင်းလိုပဲ ကောင်းတယ်လို့ သူထင်တယ်။ ကာဣနဟာ အရမ်းစိတ်ဆိုးပြီး သူ့ညီအာဗေလ ကိုသတ်လိုက်တယ်။ ဘုရားသခင်ဟာ အရာအားလုံးကိုမြင်နိုင်တဲ့သူဖြစ်တဲ့အတွက် အဲဒီအဖြစ်အပျက်ကိုလည်း ဘုရားမြင်ခဲ့တယ်။ "မင်းညီအာဗေလ ဘယ်မှာလဲ?" လို့ ကာဣနကို ဘုရားသခင်ကမေးတယ်။ သူမသိဘူးလို့ ဘုရားသခင်ကို ကာဣနလိမ်ခဲ့တယ်။

ကာဣနလိမ်တယ်ဆိုတာ ဘုရားသခင်သိတယ်။ "မင်းဘာလုပ်ခဲ့သလဲ? မင်းအသက်ရှင်သမျှကာလပတ်လုံး အပြစ်ဒဏ်ခံရမယ်။ အခုချိန်ကစပြီး ကမ္ဘာမြေအရပ်ရပ်ကို လှည့်လည်ရမယ်။ သင်ဘယ်လောက်ကြာအောင် ကြိုးစားပါစေ၊ သင့်မြေကနေ ကောင်းတဲ့ အသီးအနှံ မဖြစ်ထွန်းဘူး။ နေထိုင်ရာအိမ်မရှိဘဲ လှည့်လည်သွားလာ ရတဲ့သူဖြစ်လိမ့်မယ်" လို့ သူ့ကို ဘုရားသခင်ပြောခဲ့တယ်။

"ဒီပြစ်ဒဏ်ဟာ ကျွန်တော့်အတွက် အလွန်ကြီးမားလေးလံလွန်းပါတယ်။ အဲလောက်ခက်ခဲတဲ့ဘဝမျိုးကို မခံနိုင်ဘူး။ ဒီမြေကနေ လည်း နှင်ထုတ်လိုက်တဲ့အတွက် ကျွန်တော့်ကို ရှာတွေ့တဲ့သူတွေက ကျွန်တော့်ကို သတ်ကြပါလိမ့်မယ်။" လို့ ဘုရားသခင်ကို ကာဣန ပြန်ပြောခဲ့တယ်။

"သင့်ကို သတ်တဲ့သူဟာ ယခုသင့်ကိုပေးတဲ့ပြစ်ဒဏ်ရဲ့ခုနစ်ဆ ခံရပါစေ" လို့ ကာဣနကို ဘုရားသခင်ပြန်ပြောတယ်။ အခြားသူတွေ က သူ့ကိုမသတ်ရအောင် ဘုရားသခင်ဟာ ကာဣနအပေါ်မှာ အမှတ်အသားလုပ်ပေး ခဲ့တယ်။ ကာဣနဟာ သူ့မိသားစုရှိတဲ့မြေကို ကျောခိုင်းပြီး အခြားမြေမှာ သွားရောက်အသက်မွေးရ ပါတော့တယ်။

ညီအစ်ကိုအချင်းချင်း ချစ်ကြဖို့ဖြစ်တယ်။ ကာဣနဟာ ဘုရားသခင်နဲ့သူ့ညီအာဗေလအပေါ် စိတ်ဆိုးပြီး ပြုမူခဲ့တဲ့အမှုအရာအတွက် ဝမ်းနည်းစရာအပြစ်ဒဏ်ခံခဲ့ရတယ်။ သူဘာတွေအမှားလုပ်ခဲ့တယ်ဆိုတာကို ဘုရားသခင်က ကာဣနကိုသိစေခဲ့တယ်။ ဒီညီအစ်ကို ဇာတ်လမ်းဟာ ဝမ်းနည်းစရာကောင်းလှပါတယ်။ ဘုရားသခင်ကို မနာခံဖို့ရွေးချယ်ခြင်းက ကျွန်ုပ်တို့ကို ဘုရားသခင်နဲ့သူ့ကောင်းချီး တွေကနေ ဖယ်ရှား ဝေးကွာစေပါတယ်။ တကယ်လို့ ညီအစ်ကိုမောင်နှမတွေအပေါ် စိတ်ဆိုးနေရင် သူတို့ကိုခွင့်လွှတ်ပြီးချစ်နိုင်ဖို့ ဘုရားသခင်ဆီမှာ အကူအညီတောင်းဖို့ ဖြစ်ပါတယ်။

# ကာဣနနဲ့အာဗေလ - ပထမဆုံးညီအစ်ကို - ဆရာလမ်းညွှန်

## အဓိကအချက်များ

၁) အာဒံနဲ့ဧဝဟာ ဘုရားသခင်ဖန်ဆင်းတဲ့ ပထမဆုံးလူယောက်ျားနဲ့လူမိန်းမဖြစ်ပါတယ်။ အာဒံနဲ့ဧဝဟာ ဘုရားသခင်ရဲ့စကားကို မနာခံတဲ့အတွက်ကြောင့် ဘုရားဖန်ဆင်းပေးထားတဲ့လှပတဲ့ဥယျာဉ်ထဲကနေ ထွက်သွားခဲ့ရတယ်။ သူတို့အသက်ရှင်ဖို့ ခက်ခဲကြမ်းတမ်းစွာ အလုပ်လုပ်ကြရတယ်။

၂) အာဒံနဲ့ဧဝဟာ ပထမဆုံးဖခင်နဲ့မိခင်ဖြစ်တယ်။ သူတို့မှာ ကာဣနနဲ့အာဗေလ လို့ခေါ်တဲ့သားနှစ်ယောက် ရှိတယ်။

၃) ကာဣနဟာ လယ်သမားဖြစ်ပြီး၊ အပင်တွေနဲ့ဟင်းသီးဟင်းရွက်တွေ စိုက်ပျိုးတယ်။ အာဗေလကတော့ တိရစ္ဆာန်တွေနဲ့ အလုပ်လုပ်တယ်။ ဘုရားသခင်ကို ယဇ်ပူဇော်ကြဖို့အချိန်ရောက်လာတဲ့အခါ၊ အာဗေလဟာ သူ့တိရစ္ဆာန်စုထဲက အကောင်းဆုံးအကောင်နဲ့ ပူဇော်တယ်။ ကာဣနက သူ့သီးနှံတွေယူလာပြီး ပူဇော်တယ်။

၄) ဘုရားသခင်ဟာ အာဗေလရဲ့နှလုံးသားကိုမြင်ပြီး၊ သူ့ပူဇော်မှုကို နှစ်သက်ခဲ့တယ်။ ဒါပေမယ့် ကာဣနရဲ့ပူဇော်မှုကို ဘုရားသခင်လက်မခံခဲ့ဘူး။ ကာဣနဟာ အရမ်းစိတ်ဆိုးပြီး သူ့ညီအာဗေလကို သတ်လိုက်တယ်။ သူ့လုပ်ရပ်ကို ဘုရားသခင်မြင်ခဲ့တယ်။

၅) အဲဒီမြေကနေထွက်သွားပြီး၊ မြေပေါ်မှာလှည့်လည်ဖို့ ဘုရားသခင်က ကာဣနကိုပြောခဲ့တယ်။ နေစရာအိမ် အတည်တကျမရှိဘဲ လှည့်လည်သွားစေခဲ့တယ်။ ကာဣနကိုမသတ်ကြဖို့ သူ့အပေါ်မှာ အမှတ်အသားတစ်ခု ဘုရားသခင်က ထားပေးခဲ့တယ်။ ဘုရားသခင်ရဲ့မျက်မှောက်တော်ကနေလည်း ကာဣနထွက်သွားခဲ့ရတယ်။ ဘုရားသခင်ရဲ့စကားကိုမနာခံခြင်းက ကျွန်ုပ်တို့ကို ဘုရားသခင်နဲ့သူ့ရဲ့ကောင်းချီးတွေကနေ သွေဖယ်ဝေးကွာ စေပါတယ်။

## မေးခွန်းများ

၁) ပထမဆုံးဖခင်နဲ့မိခင်ဟာ ဘယ်သူတွေလဲ?

၂) ပထမဆုံးညီအစ်ကိုတွေရဲ့နာမည်က ဘာလဲ?

၃) တိရစ္ဆာန်တွေနဲ့အလုပ်လုပ်တဲ့ ညီအစ်ကိုကဘယ်သူလဲ?

၄) အသီးအနှံတွေနဲ့အလုပ်လုပ်တာ ဘယ်ညီအစ်ကိုလဲ?

၅) ဘယ်ပူဇော်မှုကို ဘုရားသခင်အကြိုက်ဆုံးလဲ? ဘာ့ကြောင့်လဲ?

၆) ကာဣနဟာ သူ့ညီကိုသတ်ပြီးနောက်ပိုင်း ဘာဆက်ဖြစ်လာသလဲ?

## အဖြေများ

၁) အာဒံနဲ့ဧဝဟာ ပထမဆုံးဖခင်နဲ့မိခင်ဖြစ်ပါတယ်။

၂) ပထမဆုံးညီအစ်ကိုတွေရဲ့နာမည်ဟာ ကာဣန နဲ့ အာဗေလ ဖြစ်ပါတယ်။

၃) အာဗေလဟာ တိရစ္ဆာန်တွေနဲ့ အလုပ်လုပ်တဲ့သူဖြစ်ပါတယ်။

၄) ကာဣနဟာ အသီးအနှံတွေနဲ့ အလုပ်လုပ်သူဖြစ်ပါတယ်။

၅) ဘုရားသခင်ဟာ အာဗေလရဲ့ပူဇော်မှုကို အနှစ်သက်ဆုံးဖြစ်တယ်။ အာဗေလဟာ နှလုံးသားအကြွင်းမဲ့ ပေးခဲ့လို့ဖြစ်တယ်။

၆) သူ့မြေပေါ်ကနေထွက်သွားပြီး၊ ဘုရားသခင်ရဲ့မျက်မှောက်တော်ကနေ ထွက်သွားဖို့ ကာဣနကို ဘုရားသခင်ကပြောပါတယ်။ သူဟာ မြေကြီးပေါ်မှာ လှည့်လည်သွားလာနေဖို့ ဖြစ်တယ်။

## ကမ္ဘာဦးကျမ်း ၄

